“အသင်သည် အလ္လာဟ်အရှင်မြတ်အား

စဂ်ျဒဟ်ဦးချမှုများစွာပြုလုပ်ပါလေ။အကြောင်းမှာ

အသင်သည် အလ္လာဟ်အရှင်မြတ်အား

စဂ်ျဒဟ်တစ်ကြိမ်ဦးချလျှင် အလ္လာဟ်အရှင်မြတ်က

ထိုစဂ်ျဒဟ်တစ်ကြိမ်ဦးချမှုကြောင့် အသင့်အား အဆင့်အတန်းတစ်ခု မြှင့်တင်ပေးတော်မူပြီး အသင့်ထံမှ

ပြစ်မှုတစ်ခုကို ဖယ်ရှား(ခွင့်လွှတ်) ပေးတော်မူမည်ဖြစ်သောကြောင့်တည်း

မအ်ဒါးန် ဗင်န် အဗူသွလ်ဟဟ် ယအ်မရီ က ဆင့်ပြန်ခဲ့သည်။ ကျွန်ုပ်သည် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) ၏ သူကောင်းပြုထားသော ကျွန် စောင်ဝ်ဗားန် (ရဿွိယလ္လာဟုအန်ဟု) နှင့် တွေ့ဆုံခဲ့ပြီး ဤသို့ ပြောဆိုလျှောက်ထားခဲ့သည်-
အမလ်ကျင့်စဥ်တစ်ခုကို ကျွန်ုပ်အား ပြောပြပါ။ ယင်းအမလ်ကို
ကျွန်ုပ်ကျင့်ကြံခြင်းအားဖြင့် အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်အား
ဂျန္နတ်သုခဘုံသို့ ဝင်ရောက်စံမြန်းစေတော်မူမည်။ သို့မဟုတ် ဆင့်ပြန်သူက
ပြောပြသည်။ အလ္လာဟ်အရှင်မြတ် အနှစ်သက်ဆုံးသော အမလ်ကျင့်စဥ်ကို
ကျွန်ုပ်အားပြောပြပါ။ထိုအခါ ၎င်း (စောင်ဝ်ဗားန် (ရဿွိယလ္လာဟုအန်ဟု)) က
ဆိတ်ဆိတ်နေခဲ့သည်။ ကျွန်ုပ်က ထပ်မံမေးမြန်းပြန်သော် ၎င်းသည် ထပ်မံ၍
ဆိတ်ဆိတ်နေခဲ့သည်။ ကျွန်ုပ်သည် တတိယအကြိမ် မေးမြန်းပြန်သော်အခါ ၎င်းက
ဤသို့ပြောဆိုသည်။ ကျွန်ုပ်သည် ထိုအကြောင်းအရာနှင့်စပ်လျဉ်း၍ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) ထံလျှောက်ထားမေးမြန်းခဲ့သည်။ ထိုအခါ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) က ဤသို့ မိန့်ကြားတော်မူခဲ့သည်- “အသင်သည်
အလ္လာဟ်အရှင်မြတ်အား စဂ်ျဒဟ်ဦးချမှုများစွာပြုလုပ်ပါလေ။အကြောင်းမှာ အသင်သည်အလ္လာဟ်အရှင်မြတ်အား စဂ်ျဒဟ်တစ်ကြိမ်ဦးချလျှင် အလ္လာဟ်အရှင်မြတ်က
ထိုစဂ်ျဒဟ်တစ်ကြိမ်ဦးချမှုကြောင့် အသင့်အား အဆင့်အ တန်းတစ်ခု
မြှင့်တင်ပေးတော်မူပြီး အသင့်ထံမှ ပြစ်မှုတစ်ခုကို ဖယ်ရှား(ခွင့်လွှတ်)
ပေးတော်မူမည် ဖြစ်သောကြောင့်တည်း။” မအ်ဒါးန်က ဆက်လက်ပြောကြားသည်- ထို့နောက်
ကျွန်ုပ်သည် အဘူဒဒ်ရ်ဒါအ် (ရဿွိယလ္လာဟုအန်ဟု) နှင့် တွေ့ဆုံခဲ့ပြီး သူ့အား (ထိုနည်းတူ)မေးမြန်းခဲ့ရာ ၎င်းသည်ကျွန်ုပ်အား စောင်ဝ်ဗါးန် (ရဿွိယလ္လာဟုအန်ဟု)
ကကျွန်ုပ်အား ပြောခဲ့သည့်အတိုင်းပင် ပြောပြခဲ့သည်။
[صحيح] [رواه مسلم]

အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)သည်ဂျန္နတ်သုခဘုံသို့ ဝင်ရောက်စေနိုင်သော သို့မဟုတ် အလ္လာဟ်အရှင်မြတ်အနှစ်သက်ဆုံးဖြစ်သော အမလ်တစ်ခုအကြောင်း မေးမြန်းခြင်းခံရတော်မူသည်။ ထိုအခါ

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) က “အသင်သည် ဆွလားသ်ဝတ်ပြုရာတွင်များမြောင်စွာ စဂျ်ဒဟ်ပြုလုပ်ပါလေ။ အကြောင်းမှာ အလ္လာဟ်အရှင်မြတ်အတွက်အသင်ပြုလုပ်ခဲ့သည် စဂ်ျဒဟ်တစ်ကြိမ်တိုင်းအတွက် အလ္လာဟ်အရှင်မြတ်သည် အသင့်အားအဆင့်တစ်ဆင့်မြှင့်တင်ပေးတော်မူမည် ဖြစ်ပြီး အသင့်ထံမှ ပြစ်မှုတစ်ခုကိုခွင့်လွှတ်တော်မူမည်ဖြစ်သောကြောင့်တည်း” ဟုမိန့်ကြားတော်မူခဲ့သည်။

https://sunnah.global/hadeeth/my/show/3732